# စနေ တနင်္ဂနွေ ရှင်းတမ်း

စနေဟာ စနေဖြစ်ပါတယ်
တနင်္ဂနွေဟာ တနင်္ဂနွေဖြစ်ပါတယ်
စနေသည် တနင်္ဂနွေ မဟုတ်ပါ
တနင်္ဂနွေသည် စနေ မဟုတ်ပါ
ရှင်းတမ်းဟာ သည်မှာ ပြီးဆုံးသော်လည်း
လျှာနှင့်လက် အထွန့်တက်ချင်ပါသေးသည်ဟု
ပြောပြောရေးရေး ပြောရေးပြီး နှောင့်ယှက်
စနေဟာ စလုံးနဲ့ စပြီး နယ်နဲ့ နေတဲ့ စနေဖြစ်သလို
တနင်္ဂနွေဟာ တဝမ်းပူနဲ့ တ၊ နငယ်နဲ့ နင်း၊ ဂငယ်နဲ့ ဂပြီး နငယ်နဲ့ နွေတဲ့
တနင်္ဂနွေဖြစ်ပါတယ်
စနေကို ဆလိမ်နဲ့ ဆပြီး ဏကြီးနဲ့ ဏောတဲ့ ဆဏော ရေးလို့ မရသလို
တနင်္ဂနွေကိုလည်း ဌသလျှင်းချိုင်နဲ့ ဌ၊ ဏကြီးနဲ့ ဏင်း၊ ဃကြီးနဲ့ ဃပြီး ဏကြီးနဲ့
ဏွေတဲ့ ဌဏာဃဏွေ ရေးလို့ မရပါဘူး
စနေကို ဆယ့်တစ်ဒေးလို့ ခေါ်သလို
တနင်္ဂနွေကို ဆယ်နှစ်ဒေးလို့ မခေါ်ပါ
စနေနဲ့ တနင်္ဂနွေဟာ ရှေ့ဆင် နောက်ဆင့်ဖြစ်သလို
စနေနဲ့ တနင်္ဂနွေဟာ နောက်ဆင့် ရှေ့ဆင့်လည်း ဖြစ်ပါတယ်
စနေဟာ စနေနေ့ညှ ကိုးနာရီသီချင်းနဲ့ နာမည်ကြီးသလို
တနင်္ဂနွေဟာလည်း ဟိုတုန်းက တနင်္ဂနွေသီချင်းနဲ့ နာမည်ကြီးပါတယ်
စနေနဲ့ တနင်္ဂနွေကို ဝန်ထမ်းတွေ စောင့်မျှော်ကြသလို
စနေနဲ့ တနင်္ဂနွေကို ကျောင်းသား ကျောင်းသူတွေ
အမြန်ရောက်ချင်တဲ့ နေ့ရက်လည်း ဖြစ်ပါတယ်
စနေနဲ့ တနင်္ဂနွေဟာ ချစ်သူတွေ လက်ချင်းချိတ်ဆက်ကြသလို
စနေနဲ့ တနင်္ဂနွေဟာ
ပြက္ခဒိန်စာမျက်နှာပေါ်မှာလည်း တစ်ရက်စီ ပါဝင်ခဲ့ကြပါတယ်
စနေ တနင်္ဂနွေရှင်းတမ်းကို ရေးသူတစ်ယောက်က
ဒီလောက်ဆို ရှင်းပါတယ်နော်
ရှင်တယ်မိုလား
ရှင်းလားလို့
စနေ တနင်္ဂနွေရှင်းတမ်းဖတ်သူတစ်ယောက်ကို မေးပြီး
ရှင်းတယ်/ မရှင်းဘူး တုံ့ပြန်သံကို နားမထောင်ဘဲ
နှစ်လုံးတည်း ရှုပ်နေတဲ့
စနေရော တနင်္ဂနွေပါ မီးပုံရှို့ပစ်လိုက်ပါတယ်။